## ဝမ္မခန္ဓာ (၁၀၈) ပေါများခြင်း (အလ်–ကောင်ဆာရ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၅)၊ သုတ်ဒေသနာ (၃)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **إِنَّا أَعْطَيْنَاكَ الْكَوْثَرَ** ۞<br>ကေန်ပင် ငါသည် သင့်အား အလျှံပယ်ပေါများခြင်းကို အပ်နှင်းပြီ။[၁၂၀၈] |
| ၂။<br>☆၂း၃ | **فَصَلِّ لِرَبِّكَ وَانْحَرْ** ۞<br>သို့ဖြစ်၍ ကံကြမ္မာရှင်အတွက် စိတ်လေ့ကျင့်မှုပြုလော့။☆ ပေးဆပ်လော့။[၁၂၀၉] |
| ၃။ | **إِنَّ شَانِئَكَ هُوَ الْأَبْتَرُ** ۞<br>ကေန်ပင် သင့်အား ရန်ရှာသူတို့သည် အညွန့်တုံးသွားရလတ္တံ့။[၁၂၁၀] |

---

**(၁၂၀၈)** ဤသုတ်တော်မှ အလျှံပယ်ပေါများခြင်း ဆိုသည်မှာ ကိုယ်တော်မုဟမ္မဒ်၏ မေတ္တာအေးရိပ်အား အလွှန်ကျယ်ပြန့်စေခြင်းကို ဆိုလိုပေသည်။ ထိုအချက်ကို ပေးဆပ်လော့၊ ဟူသော စကားများက ထောက်ပြလျက် ရှိပေသည်။ ရုပ်ပိုင်းဆိုင်ရာ အားဖြင့် ကြည့်လျှင်လည်း အောင်မြင်လာလေလေ– ဘုရားတရား၌ ပိုမိုလွှန်ကဲစွာ ခိုင်မာလေလေဖြစ်ရန် သတိပေးထားခြင်း ဖြစ်ပေသည်။ ထိုသင်ကြားချက်မျိုးကို ဓမ္မခန္ဓာ ၁၁၀ တွင်လည်း တွေ့ရပေသည်။

**(၁၂၀၉)** ဤသုတ်တော်မှ ဝေါဟာရ **နဟာရ်** ဆိုသည့် အဓိပ္ပါယ်မှာ– ရင်ဘတ်၏ အထက်ဆုံးသော အပိုင်း ဟု ဖြစ်၍၊ လိုက်လိုက်လှဲလှဲ ခံစားချက်ကို ဆိုလိုသည်။ ဆရာတော် အများစုက ထိုစကားလုံးကို **နဟရ** "သူသည် တိရိစ္ဆာန်၏ **ရင်ဘတ် အထက်ဆုံးသော အပိုင်း** (လည်မြို)အား ဓါးကောက်ဖြင့် ချိတ်ချ (လှီးဖြတ်)သည်၊" ဟူသော ဝေါဟာရမှ ဆင့်ပွားသည်ဟု ယူဆ၍– သားကောင်အား လှူလော့၊ ကုရ်ဘာနီ လုပ်လော့– ဟု ပြန်ဆိုသည်များလည်း ရှိပေသည်။ သို့သော် စကားလုံး အရ မှန်ကန်မှု မရှိချေ။ ဤစကားလုံး **နဟာရ်**၏ အနက်မှာ လိုက်လိုက်လှဲလှဲပေးဆပ်ခြင်းဖြင့် မိမိကိုယ်မိမိ ပေးဆပ်ရမည်ဟု ဖြစ်ပေသည်။ တနည်းအားဖြင့် ဘာသာရေး သမားမှန်လျှင် အများအကျိုးအတွက်– အမုန်းခံ၍၊ မျက်နှာအပျက်ခံ၍၊ အနစ်နာခံ၍ ပေးဆပ်ရမည်ဟု အဓိပ္ပါယ်ကို ပေးပေသည်။

**(၁၂၁၀) အာ့ဘ်တားရ်** ဆိုသည်မှာ **ဘတားရ်** မှ ဆင့်ပွားဖြစ်၍– အပြီးအပြတ်ဖြတ်သည်၊ မျိုးဆက်ဖြတ်သည်ဟု ဖြစ်သည်။ သို့ဖြစ်၍ ဤသုတ်တော်တွင် အညွန့်တုံးသွားရစေမည်ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။– အမှန်တရား၏ ရန်သူတို့သည် အချိန်တန်လျှင် လူညွန့်တုံးသွားရမည်မှာ ပရမတ်ဘုရားရှင် (အလ္လာဟ် အရှင်) ချမှတ်ပြဌာန်းထားသော လောကဓမ္မတာပင် ဖြစ်တော့သည်။